# ကိုယ်ဝန်ဖျက်ချခြင်း

**ကိုယ်ဝန်ဖျက်ချခြင်း (သို့မဟုတ် 'ကိုယ်ဝန် အဆုံးသတ်ခြင်း') မှာ ကိုယ်ဝန်ကို တမင်တကာ အဆုံးသတ်လိုက်သည့်အခါ ဖြစ်သည်။**

- ကိုယ်ဝန်ဖျက်ချခြင်းမှာ ဗစ်တိုးရီးယားပြည်နယ်တွင် တရားဝင်သည်။
- ကိုယ်ဝန်ဖျက်ချခြင်း အမျိုးအစား နှစ်မျိုးရှိသည်- **ခွဲစိတ်နည်း** နှင့် **ဆေးဝါးနည်း** ဖြစ်သည်။ အမျိုးအစား နှစ်မျိုးလုံးမှာ ဘေးကင်းပြီး စိတ်ချရပါသည်။
- ဗစ်တိုးရီးယားပြည်နယ်တွင် ဆေးဝါးနည်းအရ ကိုယ်ဝန်ဖျက်ချခြင်းကို သင့်အနေဖြင့် ကိုယ်ဝန် (သန္ဓေတည်ကာလ) ကိုးပတ်အထိ ဖျက်ချနိုင်ပါသည်။ ခွဲစိတ်နည်းအရ ကိုယ်ဝန်ဖျက်ချခြင်းကို သင့်အနေဖြင့် ကိုယ်ဝန် ခြောက်ပတ်ခန့်မှ နောက်ပိုင်းကာလတွင် ဖျက်ချနိုင်ပါသည်။
- ဗစ်တိုးရီးယားပြည်နယ် ကိုယ်ဝန်ဖျက်ချပေးသည့် ဆေးခန်းများ အနီးအနား မီတာ 150 ပတ်လည်အထိ ဘေးကင်းစိတ်ချရသည့် သတ်မှတ်နယ်မြေများ ရှိပါသည်။ ဆိုလိုသည်မှာ ဆေးခန်းသို့ မည်သူတစ်ဦး တစ်ယောက်၏ အနှောင့်အယှက်မှုမရှိစေဘဲ သင်ဝင်ထွက်နိုင်သည်။
- ကိုယ်ဝန် မဖျက်ချပေးလိုသော ဆရာဝန်တစ်ဦးသည် သင့်အား ကိုယ်ဝန် အချက်အလက်များနှင့် ကိုယ်ဝန်ဖျက်ပေးရန် မကန့်ကွက်သည့် ဆရာဝန်တစ်ဦးထံ ညွှန်းပေးရမည်။
- ကိုယ်ဝန်ဖျက်ချခြင်း၏ နောက်ဆက်တွဲ ပြင်းထန်သော ပြဿနာများမှာ အလွန်ရှားပါသည်။ အကယ်၍ သင့်အနေဖြင့် ကိုယ်ဝန်ဖျက်ချပြီးနောက် သင့် ကျန်းမာရေးနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်ပါက ဆေးဘက်ဆိုင်ရာ အကူအညီကို တောင်းခံပါ။
- အကယ်၍ သင်သည် ကိုယ်ဝန်ဖျက်ချရန် စဉ်းစားနေပြီး ကိုယ်ဝန်ဖျက်ချခြင်းနှင့် ဗစ်တိုးရီးယားပြည်နယ်တွင် ရရှိနိုင်သော ဝန်ဆောင်မှုများ အကြောင်း သိရှိလိုလျှင် သင်- 1800myoptions.org.au တွင်ရှာဖွေနိုင်သည် သို့မဟုတ် (1800MyOptions) ဖုန်း  1800 696 784 ဖြင့် ခေါ်ပါ။

**ဆေးဝါးနည်းအရ ကိုယ်ဝန်ဖျက်ချခြင်း နှင့် ခွဲစိတ်နည်းအရ ကိုယ်ဝန်ဖျက်ချခြင်းကို နှိုင်းယှဉ်ခြင်း**

| | **ဆေးဝါးနည်းအရ ကိုယ်ဝန်ဖျက်ချခြင်း** | **ခွဲစိတ်နည်းအရ ကိုယ်ဝန်ဖျက်ချခြင်း** |
|---|---|---|
| **၎င်းသည် မည်သည့် လုပ်ထုံးလုပ်နည်း အမျိုးအစား ဖြစ်ပါသလဲ။** | • ခွဲစိတ်နည်း မဟုတ်သော ကိုယ်ဝန်ပျက်ကျသည်နှင့် အလားတူသည်<br>• ဤလုပ်ထုံးလုပ်နည်းအတွက် ဆေးပြားများကို သောက်ရန်ဖြစ်သည် | • သာမန်အားဖြင့် အချို့သော ထုံးဆေးမေ့ဆေး ပုံစံဖြင့် လုပ်သည့် ခွဲစိတ်ဆိုင်ရာ လုပ်ထုံးလုပ်နည်း |
| **၎င်းသည် မည်မျှ ထိရောက်ပါသလဲ။** | • ရာခိုင်နှုန်း 95 မှ 98 အထိ အောင်မြင်မှု<br>• ခန့်မှန်းခြေ အမျိုးသမီး နှစ်ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းသည် ကိုယ်ဝန်ဖျက်ချခြင်း အဆုံးသတ်စေရန်အတွက် ထပ်ဆင့် ဆေးပြားများ  သို့မဟုတ် အသေးအဖွဲ့ ခွဲစိတ်မှု လိုအပ်လိမ့်မည်။ | • 98  ရာခိုင်နှုန်း အောင်မြင်မှု |
| **၎င်းကို မည်သည့် ကျန်းမာရေး ဝန်ဆောင်မှုဌာနများက လုပ်ပေးပါသလဲ။** | 1800 MyOptions.org.au တွင်ကြည့်ပါ<br>လုပ်ပေးသည့် ဌာနများမှာ -<br>• အထွေထွေရောဂါကု ဆရာဝန်များ<br>• လူမှုအသိုင်းအဝိုင်း ကျန်းမာရေး ဝန်ဆောင်မှုဌာနများ<br>• ပုဂ္ဂလိက ကိုယ်ဝန်ဖျက် ဆေးခန်းများနှင့် ဆေးရုံများ<br>• အစိုးရ ဆေးရုံများ<br>• ကိုယ်ဝန်ရှိကြောင်း စစ်ဆေးမှုကို ဒေသတွင်းလုပ်ပေးသည့် ဖုန်းဖြင့် ဆွေးနွေးပေးသော | 1800MyOptions.org.au တွင်ကြည့်ရှုပါ<br>လုပ်ပေးသည့် ဌာနများမှာ-<br>• အစိုးရ ဆေးရုံများ<br>• ပုဂ္ဂလိက ဆေးရုံများ<br>• ပုဂ္ဂလိက နေ့ ဆေးခန်းများ |

VICTORIA State Government | Health and Human Services

| | ဆေးဝါးနည်းအရ ကိုယ်ဝန်ဖျက်ချခြင်း | ခွဲစိတ်နည်းအရ ကိုယ်ဝန်ဖျက်ချခြင်း |
|---|---|---|
| | 'telehealth' မှတစ်ဆင့် | |
| **၎င်းကို မည်သည့်နေရာ၌ ဆောင်ရွက်ပေးပါသလဲ။** | ဆေးဘက်ဆိုင်ရာ ဆွေးနွေးမှုကို ဆေးခန်း သို့မဟုတ် telehealth (ဖုန်းပေါ်၌) ဆွေးနွေးပေးပြီး ကိုယ်ဝန်ဖျက်ချခြင်းကို အိမ်တွင်ဖြစ်စေ သို့မဟုတ် အလားတူ ပတ်ဝန်းကျင်အနေအထားတစ်ခုတွင် လုပ်ပေးသည်။ | ဆေးရုံ၌ သို့မဟုတ် နေ့ ခွဲစိတ်ခန်း၌ |
| **၎င်းသည် မည်မျှ ကြာပါသလဲ။** | ပထမ ဆေးပြားကိုသောက်ပြီးနောက် ဒုတိယ ဆေးပြားကို 24 နာရီမှ 48 နာရီအကြား သောက်ရပြီး ယင်းနောက် ကိုယ်ဝန်ဖျက်ချခြင်းမှာ ပျမ်းမျှအားဖြင့် လေးနာရီမှ ခြောက်နာရီအကြာတွင် ဖြစ်ပေါ်ပါမည်။ | သမားရိုးကျအားဖြင့် လုပ်ထုံးလုပ်နည်းမှာ 15 မိနစ် အထိ ကြာသည်၊ ၎င်းကို ထပ်ဆင့်၍ ကြိုတင်ပြင်ဆင်ချိန်နှင့် ခွဲစိတ်ပြီးလူနာပြန်ထူထောင်ချိန် အတွက် နာရီ အနည်းငယ် ကြာပါသည်။ |
| **ကိုယ်ဝန်မည်သည့်အဆင့်တွင် ကိုယ်ဝန်ဖျက်ရပါသလဲ။** | ကိုယ်ဝန်ကို တီဗွီခါတ်မှန် (ultrasound) ဖြင့် ကိုယ်ဝန်ကို မြင်တွေ့ရသည့်အချိန်မှ သန္ဓေတည်ကာလ ကိုးလအထိ | ကိုယ်ဝန် 6 ပတ်မှ 12 ပတ် အတွင်း ဘေးအကင်းဆုံးနှင့် အများအားဖြင့် လုပ်ပါသည်<br>ကိုယ်ဝန် နောက်ဆုံးကာလ အဆင့်များအတွင်း(အနည်းငယ်သော ဌာနများက လုပ်ပေးသည်) လုပ်ခဲပါသည် |
| **သွေးယိုစီးထွက်မှု ရှိပါသလား။** | သွေးယိုစီးထွက်မှုမှာ ပျမ်းမျှအားဖြင့် 10 ရက်မှ 16 ရက်ကြာနိုင်ပါသည် | သွေးယိုစီးထွက်မှုမှာ အမျိုးသမီးများ အကြား ကွဲပြားခြားနားပြီး သွေးထွက်မှု နည်းနည်း သို့မဟုတ် များများ ဖြစ်နိုင်သည်<br>၎င်းသည် ရက်သတ္တပတ် အနည်းငယ် အထိ ဆက်လက်ထွက်နေနိုင်ပြီး မျှော်မှန်း၍ မရနိုင်သည့်အပြင် မူမမှန် ဖြစ်နိုင်သည် |
| **ကုန်ကျစရိတ်မှာ အဘယ်နည်း။** | ကုန်ကျစရိတ်နှင့်ပတ်သက်ပြီး ဝန်ဆောင်မှုဌာနနှင့် ဆက်သွယ်ပါ | ကုန်ကျစရိတ်နှင့်ပတ်သက်ပြီး ဝန်ဆောင်မှုဌာနနှင့် ဆက်သွယ်ပါ |
| **ကိုယ်ဝန်တားဆေးကို မည်သည့်အချိန်တွင် စ၍သုံးစွဲနိုင်ပါသလဲ။** | ကိုယ်ဝန်တားဆေး နည်းလမ်း အများစုကို ချက်ချင်းသော်လည်းကောင်း သို့မဟုတ် ဆေးဝါးနည်းအရ ကိုယ်ဝန်ဖျက်ချပြီးပြီးချင်း စတင်သုံးစွဲနိုင်ပါသည် | ကိုယ်ဝန်တားဆေး နည်းလမ်း အများစုကို ခွဲစိတ်နည်းအရ ကိုယ်ဝန်ဖျက်ချသည့်နေ့ရက်တွင် စတင်သုံးစွဲနိုင်သည် |

**ပိုမိုသော အချက်အလက်များ**

ဤအချက်အလက်စာရွက်သည် ကျန်းမာရေး ဘာသာပြန် အဘိဓာန် (Health Translations Directory) ရှိ ကိုယ်ဝန်ဖျက်ချခြင်းဆိုင်ရာ အချက်အလက်စာရွက် သုံးခုအနက် တစ်ခုဖြစ်ပါသည်။ ကျေးဇူးပြု၍ အောက်ပါတို့ကိုလည်း ကြည့်ရှုပါ-

- ကိုယ်ဝန်ဖျက်ချခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း – ဆေးဝါးနည်း
- ကိုယ်ဝန်ဖျက်ချခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း - ခွဲစိတ်နည်း

## အကူအညီကို မည်သည့်နေရာတွင် ရယူမည်

- 1800 my options ဖုန်း- 1800 696 784 စကားပြန် 131450
- သင့် အထွေထွေရောဂါကု ဆရာဝန်
- Family Planning Victoria ဖုန်း- (03) 9257 0100 သို့မဟုတ် အခမဲ့ဖုန်း 1800 013 952
- လူမှုအသိုင်းအဝိုင်း ကျန်းမာရေး ဌာန- https://www2.health.vic.gov.au/primary-and-community-health/community-health/community-health-directory
- Pregnancy, Birth and Baby Helpline 1800 882 436

အမှတ် 1 Treasury Place, Melbourne တွင်တည်ရှိသည့် ဗစ်တိုးရီးယားပြည်နယ်အစိုးရမှ ခွင့်ပြုပြီးထုတ်ဝေသည်။
© ဗစ်တိုးရီးယားပြည်နယ်၊ ကျန်းမာရေးနှင့် လူမှုဝန်ဆောင်မှုများဌာန၊ ဇန်နဝါရီလ 2019 ခုနှစ်
http://healthtranslations.vic.gov.au/> တွင်ရရှိနိုင်သည်